# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၂၈-၉-၂၀၂၆)
# အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

| စဉ် | မေးခွန်း/အဆို/ဥပဒေကြမ်း | အဖြေ/ဆုံးဖြတ်ချက် |
| --- | --- | --- |
| ၁ | **ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်**က ကျောင်းမနေနိုင်သည့် ကလေးများစာရင်းကောက်ယူပြီး အခြေခံပညာအဆင့် ပြီးမြောက်စေရန် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က ကျောင်းမတက်နိုင်သည့် ကျောင်းပြင်ပရောက် ကလေးသူငယ်များအား ကျောင်းပြင်ပ တန်းညှိပညာရေး အစီအစဉ်များဖြင့် အခြေခံပညာအဆင့် ပြီးမြောက်စေရေး မူဝါဒများချမှတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးတင်မိုးအောင်(ခ)နေရှိုင်း၊ ရန်ကင်းမဲဆန္ဒနယ်**က လိုင်စင်မဲ့မော်တော်ယာဉ်များကို တရားဝင်မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က အထောက်အထားများပါရှိသည့် မော်တော်ယာဉ်များကိုသာ မှတ်ပုံတင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များကို တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မဲဆန္ဒနယ်**က စက်တပ်ဆိုင်ကယ်များကို စနစ်တကျ ကန့်သတ်ရန်နှင့် ဘေးတွဲပုဂ္ဂလိက တစ်ဝက်၊ နိုင်ငံတော်ကတစ်ဝက် မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များ ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က တရားမဝင်ဘေးတွဲများ အသုံးပြုမှုအား ခွင့်မပြုပါကြောင်းနှင့် မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များကို ရောင်းချပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားပါသည်။ |
| ၄ | **ဦးမြင့်ထွန်း၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်**က ကြာအင်းဆိပ်ကြီးမြို့ပေါ် TR (18)လုံးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ပျက်စီးနေသည့် ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများကို စစ်ဆေးပြုပြင်ပြီးမှသာ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း/အဆို/ဥပဒေကြမ်း | အဖြေ/ဆုံးဖြတ်ချက် |
|---|---|---|
| ၅ | **ဦးခင်မောင်ဝင်း၊ မော်လမြိုင်ကျွန်းမဲဆန္ဒနယ်**က မော်လမြိုင်ကျွန်းမြို့နယ်၌ ဓာတ်အားခွဲရုံ (66 KV)တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**က ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် လျာထားသည့် ဘိုကလေးဓာတ်အားခွဲရုံစီမံကိန်း ပြီးစီးပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဦးရယ်ဒမ်းတန်၊ နောင်မွန်းမဲဆန္ဒနယ်**က ကချင်ပြည်နယ်၊ ကဆန်ချောင်းမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းအား မည်သည့်အချိန်တွင် စတင်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ သယ်ယူရန်အခက်အခဲရှိခြင်းနှင့် ရင်းနှီးမြှုပ်နှံလိုသူ ဒေသခံပုဂ္ဂလိက လုပ်ငန်းရှင်များမရှိခြင်းကြောင့် လတ်တလော တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဦးကျော်ကျော်ဦး၊ ထန်းတပင် မဲဆန္ဒနယ်**က ထန်းတပင်မြို့ ဆိပ်ကြီးနှင့် အောင်မင်္ဂလာရပ်ကွက်တို့အား ၁၁ ကေဗွီ ထန်းတပင် ဖီဒါလိုင်း အတွင်းသို့ ပြောင်းလဲတပ်ဆင်ရန်နှင့် ဆိပ်ကြီးနှင့် သီရိဟေမာရပ်ကွက် အတွင်းရှိ ရှည်လျားဆားဗစ်များအား ၄၀၀ ဗို့ လိုင်းခန်းတို တပ်ဆင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ဆိပ်ကြီးနှင့် အောင်မင်္ဂလာရပ်ကွက်တွင် ဓာတ်အားလိုင်း ၉၃၀၀ ပေနှင့် သီရိဟေမာရပ်ကွက်တွင် ဓာတ်အားလိုင်း ၂၁၀၀ ပေ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်**က သာပေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာအား အစောဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပြီး ဆက်လက်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က လုပ်ငန်းအပြီးသတ် ဆောင်ရွက်ရန် ကျန်ရှိသည့်ဘဏ္ဍာငွေအား အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် လျာထားပြီး ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း/အဆို/ဥပဒေကြမ်း | အဖြေ/ဆုံးဖြတ်ချက် |
|---|---|---|
| ၉ | **ဦးထွန်းထွန်းမိုး၊ ရေတာရှည်မဲဆန္ဒနယ်**က ရေတာရှည်မြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံကို အထူးကုဆရာဝန်ကြီးများပါဝင်သော စံကိုက်ခုတင် (၅၀)ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ခုတင်အသုံးပြုမှု ရာခိုင်နှုန်းတိုးလာပါက ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၀ | **ဦးခင်မောင်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်**က ဖလုံဘူတာကျေးရွာအုပ်စုမှ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က ဆောက်လုပ်ရန် မြေနေရာပိုင်ဆိုင်မှုရရှိပါက ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်နိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁ | **ဒေါက်တာနေလင်း၊ မှော်ဘီမဲဆန္ဒနယ်**က လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က ဆောက်လုပ်ရန် မြေနေရာပိုင်ဆိုင်မှုရရှိပါက ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၂ | **ဦးစိုင်းအောင်ညွန့်၊ မိုင်းရယ်မဲဆန္ဒနယ်**က မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ ထပ်မံခန့်ထားဖြည့်ဆည်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က လက်ထောက်ဆရာဝန်(၁)ဦးအပြင် ဆေးဘက်ကျွမ်းကျင် (ဓာတ်ခွဲ) (၁)ဦး၊ အထက်တန်းသူနာပြု (၁)ဦးနှင့် သူနာပြု (၂)ဦးတို့ တာဝန်ထမ်းဆောင်နေပြီဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၃ | **ဦးအေးချမ်း၊ လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်**က "မြန်မာနိုင်ငံပြည်တွင်းဘဏ်များ အရေအတွက်လျော့ချပြီး ပိုမိုခိုင်မာအင်အားကြီးပြီး အရည်အသွေးမြင့်သော ဘဏ်များပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း" အဆို တင်သွင်းပါသည်။ | ယင်းအဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေး၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။ |

| စဉ် | မေးခွန်း/အဆို/ဥပဒေကြမ်း | အဖြေ/ဆုံးဖြတ်ချက် |
|---|---|---|
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** | ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ၃၀-၉-၂၀၂၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါသည်။ |
| ၁၅ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** | ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ၃၀-၉-၂၀၂၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါသည်။ |